မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __Volume 18 / Issue 12 / December 2025*




## *2025 December, Sunday Worship Programs:*

December 2025

Calendarpedia
Your source for calendars

| Sunday | Monday | Tuesday | Wednesday | Thursday | Fr | |
|---|---|---|---|---|---|---|
| 30 | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | 1 | 2 | 3 |

© Calendarpedia® www.calendarpedia.com 25: Christmas Day Data provided 'as is' without warranty

*December 7, 2025 … Holy Communion Sunday*

*December 14, 2025 … Regular Sunday Worship Service*

*December 21, 2025 … Regular Sunday Worship Service*

*December 25, 2025 … Christmas Special Worship Service*

*December 28, 2025 … Regular Sunday Worship Service*

***** BCF will celebrate Christmas Cantata on Dceember 25, 2025 *****

---

*Worship Place*

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*

*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

## BURMESE CHRISTIAN FELLOWSHIP

***Presents***




## *Celebrating the Birth of Christ*

***Featuring the B.C.F Choir***

## *"GOD so loved the world"*

***Come and Join us***

***You are invited to this special time of the year.***

***December 25, 2025***

***2:00 PM***

***1337 Farmstead Ave.***
***La Puente, CA 91745***

# ကယ်တင်ရှင် ဖွားမြင်တော်မူပြီ

ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။
ကယ်တင်ရှင်ခရစ်တော်သည် ဤလောကသို့ကြွဆင်းလာ၍၊ ဖွားမြင်ခြင်းကို ခံယူတော်မူခဲ့ပြီ။



ဒီဇင်ဘာလသို့ရောက်လာလျှင်၊ ကြည်နူးမှုတွေအပြည့်နဲ့ အေးမြမှုတွေလည်းခံစားရင်း၊ ခရစ္စမတ်ပွဲတော်ကို ဆင်နွဲကြဖို့ရန် နည်းမျိုးစုံစွာဖြင့် ပြင်ဆင်မှုတို့ကို ပြုလုပ်လျှက်၊ ရွှင်လန်းဝမ်းမြောက်ခြင်းနှင့်အတူ ပျော်ရွှင်စွာကြိုဆိုကြလေသည်။

နေအိမ်များ၊ ခြံဝင်းများ၊ ဘုရားရှိခိုးကျောင်းများ၊ လမ်းများ၊ ဈေးဆိုင်များ စသည်တို့တွင် ခရစ္စမတ်ပွဲတော်ကို ကြိုဆိုပြင်ဆင်ရာမှာ အလှအပများမွန်းမံပြင်ဆင်ခြင်း၊ တေးသီချင်းများဆိုခြင်း၊ ဧဝံဂေလိတရားဟောပြောခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ စသည်တို့အပြင် ပျော်ရွှင်ဖွယ်ရာ အစီအစဉ်များတို့ဖြင့်ကို ခရစ္စမတ်ပွဲတော်ကို စည်ကားစွာ ပြုလုပ်ကြလေသည်။

ထို့ပြင်၊ စားသောက်ပွဲများကျင်းပခြင်း၊ Santa Clause မှ လက်ဆောင်များပေးဝေခြင်း၊ လက်ခံရယူခြင်း၊ အဆိုအတီးအဖွဲ့များနှင့် သီဆို၍ကခုန်ခြင်း .. အစရှိသည်တို့ကို ခမ်းခမ်းနားနား၊ သိုက်သိုက်ဝန်းဝန်းဖြင့် ခရစ္စမတ်ပွဲတော်ကို ပျော်ပျော်ပါးပါး ပါဝင်ဆင်နွဲကြ၏။

ထိုသို့သောအရာများတို့သည် အထိမ်းအမှတ်သာဖြစ်သည်။ အဓိကအချက်မဟုတ်ပါ။

အမှန်တရားကား၊ လူသည် ဘုရားသခင်စကားကိုမနာခံဘဲ၊ ဖြားယောင်းသွေးဆောင်သူ စာတန်၏ဆွဲဆောင်မှုကို အဟုတ်အမှန်ထင်မှတ်ပြီး၊ လက်ခံပြုမူခဲ့ခြင်းကြောင့် စာတန်ညို့ကွက်ထဲသို့ကျရောက်ခဲ့ရ၏။ ထိုအခါမှစ၍၊ ဘုရားသခင်၏အမိန့်တော်ကို လွန်ဆန်ခဲ့၍ အပြစ်၏ကျေးကျွန်ဖြစ်ခဲ့ရသည်။ အပြစ်၏အဖိုးအခကား 'သေခြင်း' ဖြစ်သည်။ တနည်းပြောရလျှင်၊ 'ဘုရားသခင်နှင့် ကင်းဝေးခဲ့၏။' ဘုရားသခင်မျက်မှောက်တော်မှ ထွက်ခွါလာခဲ့ကြရသည်။ အလွန်ဝမ်းနည်းစရာပါ။

မေတ္တာတော်ကြီးမားသောဘုရားသခင်သည်'အပြစ်သားဖြစ်ကြသောလူသားများတို့ကို အပြစ်နွံတွင်းမှ ပြန်လည်ကယ်တင်မည်' ဆိုသော ဂတိစကားဖြင့် ဗျာဒိတ်တော်ပေးခဲ့သည်။

ဗျာဒိတ်တော်အချက်ဟူမူကား၊– (မဿဲ၊၁း၂၃) ။ (လုကာ၊၂း၁၁) ။ (ဟေရှာယ၊ ၉း၆–၇)

ကြည့်ရှုလော့။ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရလတံ့။ ဟု လာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့် အတူရှိတော်မူသောဘုရားသခင် ဟု ဆိုလိုသတည်း။

ထိုဂတိတော်စကားအတိုင်း၊– ယနေ့တွင်၊ ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော် တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အတို့အလို့ငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ။

အကြောင်းမူကား၊ ငါတို့အတို့သူငယ်ကို ဖွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူငယ်သည် အုပ်စိုးခြင်းအာဏာစက် ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။

ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ် မှာထိုင်၍ **...**

နိုင်ငံတော်ကို နောင်ကာလ အစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲ ရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်။

ဤခရစ္စမတ်အချိန်အခါတွင် ...

ကယ်တင်ပိုင်ရှင်သခင် ယေရှုခရစ်တော်သည် လူ့ဇာတိ ခံယူကာ ဖွားမြင်တော်မူခဲ့ပါ၏။ ထိုသခင်သည် လူ့လောကသို့ကြွလာတော်မူပြီး၊ သုံးနှစ်လုံး လူအများတို့အား ထာဝရအသက်နှင့် အပြစ်သားဘဝမှ လွတ်ငြိမ်းချမ်းသာခြင်းရဖို့ တရားဒေသနာကို လှည့်လည်ဟောပြောခဲ့ပါသည်။ အချိန်တန်သောအခါ၊ လက်ဝါးကားတိုင်ပေါ်တွင် မိမိအသက်တော်ကို စွန့်ကာ၊ အသွေးတော်ဖြင့် အပြစ်ရှိလူသားများတို့၏ ကဗ္ဗလာလိုနီသောအပြစ်ကို မိုးပွင့်ကဲ့သို့ဖြူအောင် ဆေးကြောသန့်စင် ပေးတော်မူခဲ့ပါ၏။

သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်တော်၊ကျွန်မတို့အပါဝင် ကမ္ဘာသူ၊ ကမ္ဘာသားတိုင်းသည် နာကျင်ခံစားမှုများ၊ ကြေကွဲဝမ်းနည်းမှုများ၊ လှည့်စားနှောက်ယှက်မှုများ သာမက သေခြင်းတည်းဟူသော မရဏာဒုက္ခအပေါင်းတို့မှ လွတ်မြောက်ခြင်းကို ရရှိကြပါ၏။ ထို့ပြင်၊ ကျေးဇူးတော်သက်သက်ဖြင့် ဘုရားသခင်၏နိုင်ငံတော်တွင် ထာဝရအစဉ်အမြဲ နေရပါလိမ့်မည်။

နှစ်ပေါင်းထောင်ချီ၍ စောင့်စားမျှော်လင့်နေရသော အဖဘုရား၏ဂတိတော်သည် သခင်ယေရှုကို ယုံကြည်ခြင်းအားဖြင့် (သို့) ယုံကြည်ခဲ့လျှင် ကျွန်ုပ်တို့တွင် ပြီးပြည့်စုံပြီ။

ထို့ကြောင့်၊ လူ့ဇာတိကိုခံယူတော်မူခဲ့သော ယေရှုခရစ်တော်သည် ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိရှိသမျှတို့ကို အပ်နှင်းခြင်းခံရသည့် အကြောင်းကို လူအများသိရှိစေရန် ဤမင်္ဂလာသတင်းကောင်းကို ကျေးဇူးတင်သောစိတ်ဖြင့် ဘုရား၏မေတ္တာကို ဖေါ်ကျူး၍၊ ဂုဏ်တော်ချီးမွမ်းခြင်းသည်သာ အဓိကဖြစ်ပါကြောင်းကို သတိပေးနှိုးဆော်လိုပါသည်။

ချစ်မိတ်ဆွေအပေါင်းတို့၊ ရွှင်လန်းဝမ်းမြောက် အားရစွာချီးမွမ်း၍ ဟစ်ကြွေးသီဆိုကြပါစို့။

ဤအချိန်မှာ .. ဖွားတဲ့ယေရှုသခင် .. လူသားတွေအပေါ် .. ချစ်တဲ့ဘုရားသခင်
ဂုဏ်တော်ချီးမွမ်းစို့လေ .. ကမ္ဘာသားတွေရင်ထဲမှာ .. ကြည်နူးဝမ်းမြောက်စေ။
ကယ်တင်ရှင် ဖွားမြင်တော်မူပြီ။ ဟာလေလုယ ... ဟာလေလုယ ... အာမင်။။

# အသက်၏အလင်း



ကမ္ဘာမြေကို
အမှောင်ဖြိုခွင်း .. အလင်းဆိုက်ရောက်
တောက်ပရောင်ခြည် .. ပို့ဆောင်သူက
ဧမာနွေလ .. ယေရှုဘုရား။

အလင်းနတ္ထိ
လောကတွင်းဝယ် .. ကျင်လည်ကြစဉ်
မှောင်မိုက်မြေတွင် .. စမ်းတဝါးဝါး
လမ်းပျောက်လို့နေ .. လောကီသားတွေ၊

အလင်းရှင်ကို
ထွန်းလင်းစေဖို့ .. တမ်းတနေချိန်
လူ့ဇာတိခံ .. ဖွားမြင်လာသူ
ဧမာနွေလ .. ဆင်းသက်ကြွလာ။

အမှောင်ထုတွင်း
အလင်းသယ်ဆောင် .. ကယ်တင်ရှင်ကို
တွေ့မြင်ခဲ့ပြီ .. သွေးတော်တန်ခိုး
သူ၏တန်ဖိုး .. သိနားလည်ခဲ့။

လူတိုင်းဘဝ
ရှေ့ဆက်ခရီး .. မျှော်လင့်ချက်တွေ
လှပဝေဆာ .. လမ်းမှန်ညွှန်ပြ
ပုံဖေါ်သူမှာ .. ကိုယ်တော်ပါဘဲ။

****** ******

သခင်ယေရှုက၊ “ငါသည် လောက၏အလင်းဖြစ်၏။
ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ။
အသက်၏အလင်းကို ရလိမ့်မည်။” မိန့်တော်မူ၏။
ရှင်ယောဟန်ဩဝါဒစာ၊၈း၁၂။

# ဤသူအား နေရာကို ပေးလော့

**သူတပါးသည် မင်္ဂလာဆောင်ပွဲသို့ သင့်ကို ခေါ်ဘိတ်သောအခါ ၊ မြင့်မြတ်သောနေရာ၌ မလျောင်းနှင့်၊ ထိုသို့လျောင်းလျှင် သင့်ထက်သာ၍ မြတ်သောသူသည် ပွဲသို့လာသည် ရှိသော်၊ သင်တို့နှစ်ယောက်ကို ခေါ်ဘိတ် သောသူက၊ ဤသူအား နေရာကို ပေးလော့ ဟု လာ၍ ပြော လိမ့်မည်။ ထိုအခါ သင်သည် ရှက်ကြောက်ခြင်းနှင့် နိမ့်သောနေရာသို့ ဆင်းရလိမ့်မည်။**

**သူတပါးတို့သည် သင့်ကိုခေါ်ဘိတ်သောအခါ ၊ သွား၍ နိမ့်သောနေရာ၌လျောင်းလော့။ ထိုသို့လျောင်း လျှင် သင့်ကိုခေါ်ဘိတ်သောသူ လာသည်ရှိသော်၊ အဆွေ ၊ တက်ပါဟု သင့်ကိုဆို လိမ့်မည်။ ထိုအခါ သင်နှင့်အတူ လျောင်းသောသူတို့ရှေ့မှာ သင်၏အသရေထင်ရှားလိမ့်မည်။ လုကာ၊ ၁၄း၈–၁၀၊**

ဤဥပမာကိုပေးပြီး ဟောပြောရခြင်း၏ ရည်ရွယ်ချက်မှာ – ကျွန်ုပ်တို့၏ စိတ်နေသဘော ထားများကို နှိမ့်ချစေလိုသည့်အတွက် ဖြစ်ကြောင်း သိရှိရပါသည်။

ဘုရားသခင်သည် မာန်မာနထောင်လွှားခြင်းကိုခုခံပြီး၊ စိတ်နှလုံးနှိမ့်ချခြင်းကိုကောင်းကြီး မင်္ဂလာပေးကြောင်း ယာကုပ်က ပြောခဲ့ပါသည်။

သခင်ခရစ်တော်က မည်သည့်ကိစ္စနှင့် ပတ်သက်၍မဆို၊ ညှော်သည်အနေနှင့် ပွဲဝင်သည့် အချိန်အခါမျိုးမှာ နိမ့်ကျသောနေရာ(သို့)နောက်တန်းနေရာယူ၍ ထိုင်ခြင်းသည် အထက်တန်းကျ ထင်ပေါ်သည့် ရှေ့တန်းနေရာကို ယူပြီး ထိုင်ခြင်းထက် ပိုမိုပြီး ကျက်သရေမင်္ဂလာ ရှိပါကြောင်းကို တံဆိပ်ခတ်ကာ ထင်မှတ်စေလို၍ အဓိကထားပြောခဲ့၏။ သခင်ခရစ်တော်သည် အထက်ဖေါ်ပြပါ အကြောင်းအရာကို သူနှင့်ညစာကိုအတူတူစားသောက်နေသော ဖါရိရှဲအကြီးအငယ်များအရှေ့မှာ ပြောနေသဖြင့် သူ၏ရည်မှန်းချက် (သို့) သူ၏ရည်ရွယ်ချက်က မည်သူ့တွေကို ရည်စူး၍ပြောဆိုနေ ပါကြောင်း သိသာထင်ရှားလှပေသည်။ ဆိုလို၍ပြောကြားရခြင်း အချက်မှာ၊–

**“ဤသူအား နေရာကို ပေးလော့။”**

ဆိုသောစကား၏ အဓိပ္ပါယ်ကို လေးနက်စွာ ဖေါ်ပြလိုသောကြောင့် ဖြစ်သည်။

အကယ်စင်စစ် ခရစ်ယာန်တို့၏ အသက်တာမှာ၊ ကျွန်ုပ်တို့အားလုံးသည် စိတ်နေမြင့်ပြီး၊ ငါဆိုသော သဘောဖြင့် မိမိကိုယ်ကို ရှေ့တန်းတင် မောက်မာမော်ကြွားခြင်း မရှိရန် နှင့် လူတကာ ရှေ့မှာ နှိမ့်ချသောစိတ်ဖြင့် ရိုကျိုးလျက်၊ စိတ်နှလုံးတံခါးကိုဖွင့်၍ သခင်ခရစ်တော်ကို လက်ခံဘို့ဖြစ် သည်။ အမှန်မှာ သခင်ခရစ်တော်သည် ဤလောကသို့ ကောင်းကင်ဘုံနန်းကိုစွန့်ခွါ၍၊ ဆင်းသက် ကြွမြန်းလာသော လောကဧည့်သည်တော်ကြီး တစ်ပါးဖြစ်သည့်အတွက်၊ အဘဘုရားသခင်က –

**“ဤသူအား မြင့်မြတ်သောနေရာကို ပေးလော့။”**

ဟု ကျွန်ုပ်တို့အားလုံးကို စေခိုင်းနေပါသည်။

အိမ်ထောင်တစ်ခုမှာ ပထမဦးဆုံးဖြစ်ပွါးသော အပြစ်သည် မုသာလိမ်ပြောခြင်း၊ ခိုးခြင်း၊ ဝှက်ခြင်း၊ သတ်ခြင်း၊ သူတပါးသားမယားကို ပြစ်မှားရခြင်း မဟုတ်ပါ။ ဘုရားသခင်၏အုပ်စိုးခြင်းကို ပယ်ပြီး၊ လွတ်လပ်စွာနေလိုခြင်း .. ငါသဘောနှင့်ငါ့လမ်းစဉ်အတိုင်း ငါလျှောက်နေခြင်း ဖြစ်ပါသည်။

သမ္မာကျမ်းစာအရ၊ အာဒံသည် ဦးစွာဘုရားသခင်၏အုပ်စိုးခြင်းကို ပယ်ကြောင်းတွေ့ရပါ သည်။ သူ၏သားများလည်း သူ့ခြေရာအတိုင်း နင်းသွားကြသည်။ ကျွန်ုပ်တို့လည်း အာဒံနှင့်သူ၏ သားများကဲ့သို့ ဘုရားသခင်၏အုပ်စိုးမှုကို ပယ်ပြီး၊ လွတ်လပ်စွာ သက်ရှင်နေထိုင်လျက် ရှိကြပါ၏။ သို့သော်၊ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် တုနိုင်း၍မရနိုင်သည့် ထက်ကောင်းကင်ဘုံမှ မိမိ၏တစ် ပါးတည်းသော သားတော် ဘုရားဇာတိအရှင်ကို ဤကမ္ဘာမြေပေါ်မှာ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် သတို့သမီးကညာဝမ်း၌ ပဋိသန္ဓေ စွဲ၍၊ လူ့ဇာတိခံယူကာ ဖွားမြင်စေပြီး၊ ကျွန်ုပ်တို့၏လူ့ အသိုင်းအဝန်းသို့ရောက်အောင် သွင်းပေးခဲ့ပါသည်။

တမန်တော်ကြီးရှင်ပေါလု ပြောကြားသည့်အတိုင်း၊ ဤပုဂ္ဂိုလ်ကြီးသည် လူသားသဏ္ဍာန် ကိုယူပြီး၊ အစေခံတစ်ဦးနေဖြင့် လူ့လောကမှာ ထင်ရှားစွာသက်ရှင်နေထိုင်ခဲ့၏။ အစေခံ၏သဘော သဘာဝမှာ သူတပါး၏စကားကို နာခံ၍၊ သူတပါး၏အလိုကျ လုပ်ဆောင်ပေးရပါသည်။ ဤပုဂ္ဂိုလ် သခင်ခရစ်တော်သည် ခမည်းတော်အဖဘုရား၏အလိုတော် ရှိသည်အတိုင်း လက်ဝါးကပ်တိုင်ပေါ် တွင် အသေခံသည့်တိုင်အောင် မငြင်းဆန်ဘဲ နာခံ၍လိုက်လျှောက်ခဲ့ပါသည်။

> မိမိအသရေကို စွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်း သာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံသည် တိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ ဖိလိပ္ပိသြဝါဒစာ။ ၂း၇–၈။

အဖဘုရားသခင်က –**“ဤသူတည်းဟူသော သားတော်ယေရှုအား နေရာကို ပေးလော့။”** ဟု
ကျွန်ုပ်တို့ကို မိန့်တော်မူရာ၊ **ဘယ်နေရာကို ပေးမှာလဲ?။**
**ကျွန်ုပ်တို့၏ “စိတ်နှလုံးသား” ထဲမှာ** နေရာပေးပါရန် ပြောနေပါသည်။

သခင်ယေရှု ဤလူ့လောက၌ မွေးဖွားရန်အချိန်ကျသောအခါ၊ သူ၏မိဘနှစ်ပါးအတွက် တည်းခိုရန် ဧည့်ရိပ်သာမှာ နေရာမရ၍ သူ့အတွက် နေရာမရှိခဲ့ပါ။ ယေရှုရှလင်မြို့မှာလည်း နေရာမရှိပါ။ သူ၏ ဇာတိမြေ နာဇရက်မြို့မှာလည်း သခင်ယေရှုအတွက် နေရာမရှိပါ။ သူ့ကို နေရာမပေးကြပါ။

သခင်ယေရှုကိုယ်တိုင်.. “မြေခွေးသည်မြေတွင်းရှိ၏။ မိုဃ်းကောင်းကင်၌ကျင်လည်သော ငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား၊ ခေါင်းချရာမျှမရှိ။”ဟု မိန့်တော်မူ၏။

သို့သော်၊ ခမည်းတော်အဘဘုရားသခင်က မိမိ၏သားတော်ကို လူအများ ချစ်ကြောက် ရိုသေစေရန်၊ တန်ခိုးနှင့်အခွင့်အာဏာကို ပေးအပ်၍ ချီးမြှောက်တော်မူသည်။

ထို့ကြောင့်၊ သခင်ယေရှု ပြုတော်မူသော အံ့သြဘွယ်ရာနမိတ်လက္ခဏာများကို တွေ့မြင်ကြရပါ၏။

- ရေကို စပျစ်ရည် ဖြစ်စေတော်မူ၏။
- နာသောသူတို့အား ကျန်းမာစေ၏။
- မျက်စေ့ကန်းသူတို့ကို မြင်စေ၏။
- သေသောသူတို့ကို ထမြောက်စေ၏။
- ဆာငတ်သူကို ကျွေးမွေး၏။
- နတ်ဆိုးတို့ကို နှင်ထုတ်ပေး၏။
- မိုးသက်မုန်တိုင်းကို ငြိမ်သက်စေ၏။
- လက်ခြေသေသူကို အနာငြိမ်းစေ၏။
- ချိနဲ့သူကို လှမ်းသွားစေ၏။
- နူနာစွဲသူတို့ကို သန့်ရှင်းစေ၏။
- နားပင်းသူကို နားကြားစေ၏။
- အပြစ်သားကို လွတ်မြောက်စေ၏။

သို့သော်လည်း၊ ကျွန်ုပ်တို့လူသားများက ယေရှုခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တင်၍၊ လူဆိုးနှစ်ယောက် ကြားမှာနေရာပေးခဲ့ကြပါ၏။

**“ထာဝရဘုရားက ငါလက်ျာဘက်၌ထိုင်နေလော့ဟု ငါ၏သခင်အားမိန့်တော်မူ၏။”ဆာ၊ ၁၁၀း၁ ။**

သခင်ယေရှုခရစ်တော်သည် စိတ်နှလုံးနှိမ့်ချလျက် ခမည်းတော်၏ အလိုတော်ကို ဝန်ခံ၍၊ အနိမ့်ကျဆုံးနှင့်အောက်တန်းနေရာကို ယူခဲ့သည့်အတွက်၊ ယခုအခါ၌၊ ခမည်းတော်သည် သူ့အား ကောင်းကင်အရပ် မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ပေး၍၊ ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်း မှစ၍၊ ယခုဘဝ၊ နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သောဘွဲ့နာမတကာတို့အထက်၊ အလုံးစုံတို့နှင့် ပြည့်စုံစွာ ချီးမြှောက်ထားပါသဖြင့် သူ၏ဘုန်းအသရေထင်ရှားလျက် ရှိနေပါသည်။

ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှာ သခင်ယေရှုကို နေရာပေးရန် တမန်တော်ကြီး ရှင်ပေါလုက၊ အသင်းတော်အသီးသီးသို့ရေးပို့သော ဩဝါဒစာစောင်များ၌၊ ဤကဲ့သို့တွေ့ရှိ နိုင်ပါသည်။

ရောမဩဝါဒစာတွင် – ယေရှုခရစ်တော်သည် အရှင်သခင် ဖြစ်ကြောင်း၊
ကောလောသဲဩဝါဒစာတွင် – အမှန်မြတ်ဆုံးပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်ကြောင်း၊
ဖေက်ဩဝါဒစာတွင် – ကောင်းကင်ဘုံ၌သူ့ကို အမြင့်ဆုံးနေရာပေးသည့် အကြောင်း၊
ဟေဗြဲဩဝါဒစာတွင် – ခရစ်တော်ကိုနေရာပေးဘို့ရန် မောရှေ၊ ရှေးပရောဖက်များ၊
ကောင်းကင်တမန်များက မိမိတို့သက်ဆိုင်ရာနေရာများမှဖယ်ပေးရကြောင်း၊
ဗျာဒိတ်ကျမ်းတွင် – ကပ်ကမ္ဘာဆုံးသောအခါ အကြီးဆုံးနှင့်အမြင့်ဆုံးနေရာကိုရပြီး၊
တကမ္ဘာလုံး သူ၏ဘုန်းတန်ခိုးလွှမ်းမိုးခြင်းခံရမည်ဟု ပြောထားပါ၏။

သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် – – –

- ကျွန်ုပ်တို့၏အသက်တာမှာ ခရစ်တော်ဘုရားကို ထိုက်တန်စွာ နေရာပေးပါသလား?။
- ကျွန်ုပ်တို့၏အသင်းတော်မှာ ခရစ်တော်ဘုရားကို အသင်းတော်၏ဦးခေါင်း အဖြစ်နှင့် ခေါင်းဆောင်ခွင့် ပေးကြပါသလား?။
- ကျွန်ုပ်တို့၏အိမ်ထောင်မှာ ခရစ်တော်ဘုရားကို နေရာပေးပြီး၊ မေတ္တာဂရုဏာဖြင့် သစ္စာရှိစွာ ပေါင်းသင်းဆက်ဆံလျှက် ရှိနေကြပါသလား?။
- ကျွန်ုပ်တို့၏နှလုံးသားထဲ ခရစ်တော်ဘုရား ကိုးနန်းဝပ်နိုင်ရန် ဖြူစင်လျက် ရှိကြပြီလား?။

**‘နေရာပေးမှာလား’** ဆိုတဲ့ Christmas carol သီချင်းတစ်ပုဒ် အားဖြင့် သင်နှင့်အတူ ကျွန်ုပ်တို့၏နှလုံးသားပုလ္လင်ပေါ်မှာ ယေရှုခရစ်တော်ကိုစံမြန်းစေဖို့ နေရာပေးကြပါရန် ရွှင်လန်းဝမ်းမြောက်စွာသီဆိုခြင်းသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို အစဉ်နိုးဆော်ပေးနေပါသည်။

“အဝေးကရောက်လာတဲ့ .. ချစ်ဇနီးမောင်နှံနှစ်ဦး .. ဘေးဒုက္ခဝိုင်းလို့ရယ်
မဲမှောင်နေညတာခရီး .. အပြေးနှင်လာ .. ခိုလှုံဖို့နေရာမရှိခဲ့ပါ။
နေရာပေးဖို့ဘယ်သူရှိမလဲ .. အလွန်အေးတဲ့ဆောင်းညအချိန်မှာ
လူဘုံနန်းအလယ် .. ဖွားလာတော့မယ် .. သူ့ကိုနေရာပေးမှာလား။”

**ဤသူတည်းဟူသော ယေရှုခရစ်တော်အား မြင့်မြတ်သောနေရာကို**
**အသင့်ပြင်၍ ပေးကြပါစို့**




and




to you all